အခံရှိသူများတွင် သေဆုံးမှုနှုန်းအလွန်မြင့်မားသည်ကိုတွေ့ရှိရပြီး သေဆုံးသူအားလုံး၏ (၉၀) ရာခိုင်နှုန်းခန့်သည် နာတာရှည်ရောဂါအခံရှိသူများဖြစ်သည်ကို တွေ့ရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ နာတာရှည်ရောဂါတစ်ခုခုအခံရှိသူများအနေဖြင့် ရောဂါကူးစက်ခြင်းမခံရစေရန် အစဉ်အမြဲသတိပြု၍ ကာကွယ်ရေးနည်းလမ်းများကို လိုက်နာရမည် ဖြစ်ပါသည်။ အဆိုပါ ရောဂါအခံရှိသူများအနေဖြင့် ဆေးဝါးပြတ်လပ်ခြင်းနှင့် ဆရာဝန်ထံပြသရန် ခက်ခဲခြင်းတို့ကြောင့် မူရင်းရောဂါအခံများ ပိုမိုဆိုးရွားစွာ ခံစားရနေချိန်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံခံစားရပါက ပြင်းထန်စွာ ခံစားရ၍ အသက်အန္တရာယ်ရှိသည်အထိ ခံစားရနိုင်ပါသည်။ သို့ဖြစ်ပါ၍ နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် သောက်လက်စ ဆေးဝါးများ မပြတ်လပ်ရန် လိုအပ်ပါသည်။ ရောဂါအခြေအနေကို ထိန်းထားရန်နှင့် ရောဂါအခြေအနေ ဆိုးရွားမလာစေရန် သက်ဆိုင်ရာ ကျန်းမာရေးဌာနများ၊ ဆေးရုံ/ဆေးခန်းများနှင့် မိသားစုဆရာဝန်များ၊ အထူးကုဆရာဝန်များထံဆက်သွယ်၍ မိမိ၏ ရောဂါအခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ရန်လိုအပ်ပြီး လိုအပ်ပါက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ သွားရောက်ပြသရမည်ဖြစ်ပါသည်။

> အိမ်ပြင်သို့ထွက်လေ့ရှိသူများအနေဖြင့် ရောဂါကူးစက်ခြင်းခံရပါက ပြင်းထန်စွာဖြစ်ပွား၍ အသက်အန္တရာယ်ရှိနိုင်သည့် အိမ်ရှိအသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/ သွေးတိုး/နှလုံးစသည့်…နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ရပါမည်။

(၉) ကိုဗစ်-၁၉ ရောဂါကို ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ခြင်းသာလျှင် အကောင်းဆုံးဖြစ်ပါသည်။ ပြည်သူ့ဆေးရုံကြီးများရှိ အထူးကြပ်မတ်ကုသဆောင်များတွင် ရောဂါပြင်းထန်စွာခံစားရသူများသည် အသက်ရှူရအလွန်ခက်ခဲကာ ပြင်းထန်သော ဝေဒနာကိုခံစားရ၍ သေဆုံးရခြင်းဖြစ်ပါသည်။

(၁၀) ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အသိအမှတ်ပြုခြင်းကိုရရှိပြီး ပြည်တွင်းတွင်သုံးစွဲခွင့်တရားဝင်ရရှိထားသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုခံရခြင်းနှင့် ရောဂါပြင်းထန်စွာ ဖြစ်ပွားခြင်းကို ထိရောက်စွာ လျှော့ချပေးနိုင်ပါသည်။ ထို့အပြင် ဘေးကင်းစိတ်ချရမှုလည်းရှိပါသည်။ အချို့သောသုတေသနလေ့လာချက်များတွင် ကာကွယ်ဆေးထိုးနှံခြင်း အပြည့်အဝရရှိထားသူများတွင် ရောဂါပြင်းထန်စွာခံစားရခြင်းမရှိသော်လည်း ရောဂါပိုးတွေ့ရှိရခြင်းများကို တွေ့ရှိရ